( ၁ )

# "မီးစက်အရောင်းအဝယ်– နှစ်ဦးသဘောတူကတိစာချုပ်"

**Brand New Matador Generator MC-165AS (Silent Type) 150KVA(1)Unit**

**(SO No. MGW-BSO-UNT-2025-01-0006)**

**(Sr No. )**

**Contract No. WF-MS-063/2025**

၂၀၂၅ခုနှစ်၊ဇန်နဝါရီလ(၂၄)ရက်နေ့တွင် မကွေးမြို့၌ အောက်အမည်ပါသူတို့က Brand New Matador Generator MC-165AS (Silent Type) 150KVA (1) Unit မီးစက် အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ–

မီးစက်ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် — ၁၂/မရက(နိုင်)၁၁၄၄၁၁
**(for and on the behalf of Winning Way Co., Ltd.)**
အမှတ်(၁၆၄၂)၊ကံလှကျေးရွာ၊ဒဟတ်ကန်အုပ်စု၊ မကွေးမြို့။

မီးစက်ဝယ်ယူသူ ။ ။ ဒေါ်ပိုက်ယဉ်စိုး (ဘ) ဦးသန်းစိုး
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၈/မကန(နိုင်)၀၀၄၉၁၄
လုပ်ငန်းအမည် — SOE OIL FACTORY
လိပ်စာ–အမှတ်(၂၃၂)၊ (၂၂)လမ်း၊ ရန်ပယ်ရပ်ကွက်၊ မကွေးမြို့။
ဖုန်း– ၀၉–၅၃၄၂၃၉၉။

(မီးစက်ရောင်းချသူနှင့် မီးစက်ဝယ်ယူသူဟူသော စကားရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၄င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၄င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

**၁။** မီးစက်ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် မီးစက်ရောင်းချသူမှ ပိုင်ဆိုင်သော Brand New Matador Generator MC-165AS (Silent Type) 150KVA (1) Unit အတွက် တန်ဖိုးငွေ USD –19,800/-(USD– Nineteen Thousand and Eight Hundred Only) (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်ဈေးနှုန်း) ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေ Landed Yangon နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင် ဝယ်ယူရန် မီးစက်ဝယ်ယူသူမှ သဘောတူညီပါသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ကိုချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

**၂။** ဤစာချုပ်ပါ "မီးစက်"ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလမီးစက်နှင့်စက်အပိုပစ္စည်းများ၊ မီးစက်ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် မီးစက်ဝယ်ယူသူမှ မိမိသဘောအလျောက် မီးစက်ရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

စာမျက်နှာ(၂)သို့

**၃။** မီးစက်ရောင်းချသူက မိမိရောင်းချသော Brand New Matador Generator MC-165AS (Silent Type) 150KVA (1) Unit မီးစက်သည် အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား (၁)နှစ်ခွဲ (သို့မဟုတ်) နာရီပေါင်း (၂,၀၀၀) စေ့ရောက် အသုံးပြုပြီးသည်အထိအာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ တစ်နှစ်ခွဲပြည့်မြောက်သော နေ့ (သို့မဟုတ်) အသုံးပြုနာရီ (၂,၀၀၀)ပြည့်သည့်ကာလ(နှစ်)ခုအနက် စောစွာသောရက်ကို သတ်မှတ်ခြင်း ဖြစ်ပါသည်။

**၄။** မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင်မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

**၅။** အာမခံသည့်ကာလအတွင်း မီးစက်ဝယ်ယူသူ (သို့မဟုတ်) ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက မီးစက်ဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

**၆။** အာမခံသည့်ကာလအတွင်း မီးစက်ပြင်ဆင်ရန်အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့်မီးစက်၏ တည်ရှိရာ နေရာသည် ရောင်းချသည့်ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်းဖြစ်လျှင် ကုမ္ပဏီ အလုပ်သမားများသည် စက်ကိုအခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

**၇။** ရောင်းချလိုက်သည့်မီးစက်ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ (၂)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်း မရှိပါက အခြားဝယ်ယူမည့်သူများသို့ မီးစက်ကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာ မီးစက်ကိုရရှိနိုင်မည်ဖြစ်ကြောင်း မီးစက်ဝယ်ယူသူမှ သဘောတူပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

**၈။** မီးစက်ဝယ်ယူသူသည် Brand New Matador Generator MC-165AS (Silent Type) 150KVA (1) Unit အတွက် ပထမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD – 10,300/- (USD – Ten Thousand and Three Hundred Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် (၂၉–၁၁–၂၀၂၄) ရက်နေ့တွင် (RV NO. MGW-RV-2024-11-0042) (၂၄–၀၁–၂၀၂၅) ရက်နေ့တွင် (RV NO. HQT-RV-2025-01-0907) တို့ဖြင့် ရောင်းချသူ၏ မကွေးရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

**၉။** မီးစက်ဝယ်ယူသူသည် Brand New Matador Generator MC-165AS (Silent Type) 150KVA (1) Unit အတွက် ကျန်ငွေ USD – 9,500/- (USD – Nine Thousand and Five Hundred Only) ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလ မီးစက်လွှဲပြောင်းပြီး (၇)ရက်ကြာချိန်တွင် ရောင်းချသူ၏ မကွေးရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

<u>ရောင်းချသူ၏တာဝန်များ</u>

**၁၀။** မီးစက်ရောင်းချသူသည် မီးစက်ဝယ်ယူသူထံသို့ မီးစက်ကို ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလတွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက် လွှဲပြောင်းပေးအပ်ရာ မီးစက်ဝယ်ယူသူမှ လက်ခံရရှိပါသည်။

**၁၁။** ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

စာမျက်နှာ(၃)သို့

**၁၂။** ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **Winning Way Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူ ဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို မီးစက်ရောင်းချသူနှင့်မီးစက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေ များ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| မီးစက်ရောင်းချသူ | မီးစက်ဝယ်ယူသူ |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁) | ဒေါ်ပိုက်ယဉ်စိုး (၈/မကန(နိုင်)၀၀၄၉၁၄) |
| **(for and on the behalf of Winning Way Co.,Ltd.)** | **( SOE OIL FACTORY )** |

အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | – | လက်မှတ် | – ------------------------ |
| အမည် | – ဦးမင်းသူ | အမည် | – ------------------------ |
| နသအမှတ် | – ၁၂/မဂဒ(နိုင်)၁၆၈၀၀၈ | နသအမှတ် | – ------------------------ |
| နေရပ် | – အမှတ် (၁၆၄၂)၊ ကံလှကျေးရွာ၊ ဒဟတ်ကန်အုပ်စု၊နေရပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ | | ------------------------ ------------------------ ------------------------ |

လက်မှတ် –

အမည် – ဦးသန်းထိုက်ဇော်

နသအမှတ် – ၆/မမန(နိုင်)၁၇၉၀၀၄

နေရပ် – အမှတ်(၁၆၄၂)၊ ကံလှကျေးရွာ၊ ဒဟတ်ကန်အုပ်စု၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။